
တံခွန်တိုင်
စာပေတိုက်

# ဝိုင်းထားတား

(ဆေးတက္ကသိုလ်)

အကျွမ်းတဝင်



GRAPHIC DESIGN
THEIN SHWE KYI

# နိဒါန်း

“တစ်စုံတစ်ယောက်ကို ပေးလိုက်ရတဲ့အရသာ…ကိုယ်ပေးလိုက်လို့ သူရရှိကျေနပ် ဝမ်းမြောက်သွားတာကို ပီတိဖြစ်ရတဲ့အရသာကို သူ ဟိုးငယ်စဉ်ကလေးဘဝကတည်းက စွဲလမ်းခဲ့တာပါ…။ အဲဒါဟာ (ပေးဆပ်ခြင်းဟာ) သူ့ရဲ့သင်္ကေတ…လို့တောင် ပြောရလောက် အောင်ပါပဲ။ သူတစ်ပါးကို ပေးလိုက်ရခြင်းအတွက် သူ့မှာလည်း လျော့ပါးသွားတယ်ရယ်လို့ မရှိ။ အံ့သြစရာကောင်းလောက်အောင်ပဲ ပြန်လည်ပြည့်ဝလာ…။ ပေးလိုက်ခြင်းကြောင့် ရလိုက်တဲ့ဂုဏ်သိက္ခာကို သူ မက်မောပျော်ရွှင်စွာ…။ နောက်ဆုံးတော့ အဲဒီ လို ပေးလိုက် ခြင်းဖြင့်ပဲ…သူမျှော်လင့်မထားတဲ့ ရရှိခြင်းတွေက သူ့ဘဝကိုပါ ပြောင်းလဲပေးခဲ့တာပါ”

**“ကာရန်ညီ”**

“နှလုံးသားတစ်ခုဆီ တိုးဝင်ရောက်ရှိသွားဖို့အတွက် အချိန်ယူရမယ်ဆိုတာကို သူမ သိပြီးသားပါ။ ဒါပေမယ့် အချိန်တိုတိုကလေးအတွင်းမှာပဲ သူမဟာ သူ့ရဲ့နှလုံးသားဆီသို့ တိုးဝင်ရောက်ရှိလို့သွားခဲ့ပြီ။ ရောက်ပြီးသွားတော့မှ ပြန်မထွက်ချင်တော့လောက်အောင် သူ့နှလုံးအိမ်တစ်ခုလုံးက နေချင့်စဖွယ် နွေးထွေးလှပဆန်းကြယ်ခမ်းနားနေခဲ့တော့တယ်”

**“ကေရာဇ်မေ”**

"အချစ်ကို စတင်တွေ့ရှိဖို့ မျက်လုံးတစ်စုံက အဓိကကျခဲ့တာလား။ ဒါမှမဟုတ် အဲဒီ အချစ်ကို နားလည်ခံစားနိုင်စွမ်းရှိဖို့ နှလုံးသားတစ်စုံရှိဖို့ပဲ လိုအပ်ခဲ့တာလားဆိုတာ ကျွန်မ သေချာမသိပါ။ သေချာတာကတော့ ကျွန်မလေ… သူ့ရဲ့မျက်နှာကို ချစ်ခင်စုံမက် ခြင်းကြီးစွာနဲ့ ကြည့်ဖြစ်နေချင်ခဲ့တာပါပဲ"

**"ရှုတိုင်းယဉ်"**

*

# အခန်း-၁

အဲဒီ တုန်းက သူ့အသက်ငါးနှစ်လောက်သာ ရှိပါဦးမည်။ သူငယ်တန်းစတက်ချိန်မို့ မေမေက သူ့အတွက် ဖိနပ်အသစ်ကလေးတစ်ရံ ဝယ်ပေးခဲ့ပါသည်။ ဖေဖေနှင့်မေမေက ချမ်းသာသူတွေ မဟုတ်ပါ။ သာမန်ရုံးဝန်ထမ်းတွေသာ ဖြစ်သည်။ ကျောင်းစဖွင့်ချိန်မို့ သူ့အတွက် စပါယ်ရှယ် အထူးအခွင့်အရေးအဖြစ် ကျောင်းဝတ်စုံအသစ်၊ လွယ်အိတ်အသစ်၊ ဖိနပ်အသစ်၊ ထမင်းဗူးအသစ် စတာတွေကို ဝယ်ပေးခဲ့ခြင်းဖြစ်သည်။ သူတက်ရသော မူလတန်းကျောင်းသည် သူ့အိမ်ကနေ သိပ် မဝေးလှသောကြောင့် သူက သူငယ်ချင်းတွေနှင့်အတူ လမ်းလျှောက်၍ သွားပါသည်။ တစ်ရက်မှာ တော့ သူနှင့်မတိမ်းမယိမ်း ကောင်လေးတစ်ယောက် သူ့မျက်စိရှေ့မှာပဲ ခြေထောက်မှာ ဖန်ကွဲစစူး လျက် ငိုနေတာကို သူ တွေ့သည်။ ကောင်လေး၏ ခြေထောက်မှာ ဖိနပ်မရှိပါ။ သူ ကောင်လေး နားသို့ ချက်ချင်းပင် ရောက်သွားခဲ့သည်။

"မင်း မျက်စိခဏမှိတ်ထား"

သူ့အသံက သူ့အရွယ်နှင့်မလိုက်အောင်ပင် လူကြီးဆန်နေကာ ဆရာကြီးသံ ပေါက်နေခဲ့ သည်။ ကောင်လေးက မျက်စိတော့မှိတ်ပေးသည်။ အငိုတော့ရပ်မသွား။ သူက ကောင်လေးနားမှာ ဒူးထောက်ထိုင်ချလိုက်ပြီး ကောင်လေး၏ ခြေဖဝါးမှ ပုလင်းကွဲစကို ဆတ်ခနဲ ဆွဲထုတ်ပေးနိုင်ခဲ့ သည်။ သွေးတွေကတော့ ထွက်နေတာပေါ့၊ နာကျင်မှုနှင့် ကောင်လေးမှာ ဆွေ့ဆွေ့ခုန် ငိုနေဆဲ။

"မင်းက ဘာဖြစ်လို့ ဖိနပ်မစီးတာလဲကွ၊ ပုလင်းကွဲစူးမှာပေါ့"

“ငါ့မှာ ဖိနပ်မရှိတာ”

“ဟင်...”

သူ အံ့သြသွားကာ ကောင်လေးကို သနားသွားသည်။

“မင်း ကျောင်းမတက်ဘူးလား”

“မတက်ဘူး...ငါ ပိုက်ဆံရှာနေတာ၊ ငါ့အမေ နေမကောင်းဘူး၊ ငါ့ညီမလေးလည်း နေမ ကောင်းဘူး”

ကောင်လေးကိုကြည့်ပြီး သူ့စိတ်ထဲမှာ တစ်ခုခုပေးချင်စိတ်တွေ တရွရွခုန်လှုပ်လာသည်။ သူနှင့်ရွယ်တူတန်းတူ ကောင်လေးတစ်ယောက် စာသင်ရမည့်အချိန်မှာ စာမသင်နိုင်ဘဲ လမ်းမမှာ ပိုက်ဆံလိုက်တောင်းနေသောအဖြစ်ကို သူ့နှလုံးသားနုနုကလေးကတောင် မခံစားနိုင်။

“မင်း ငါ့ဖိနပ် လိုချင်လား”

သူမေးလိုက်တော့ ကောင်လေးက သူ့ဖိနပ်ဆီ မျက်လုံးလေးစွေကာကြည့်ရင်း ခေါင်းညိတ် ပြသည်။ သူ့အိမ်မှာ တခြားဖိနပ်တစ်ရံ ရှိနေတာကို သူသတိရသည်။ အသစ်တော့ မဟုတ်ဘူးပေါ့။ ချက်ချင်းပင် သူ့ဖိနပ်ကလေးကို ထိုကောင်လေးအတွက် သူ ချွတ်ပေးလိုက်သည်။ ကောင်လေး၏ မျက်နှာ လင်းခနဲလက်ခနဲဖြစ်သွားကာ ငိုနေသောမျက်နှာက ချက်ချင်းပြုံးရွှင်ဝမ်းမြောက်သွားတာ၊ ဖိနပ်ကလေးကို မက်မက်မောမောနှင့် ချက်ချင်းကောက်စွပ်ပစ်လိုက်တာ၊ ပြီးတော့ သူ စိတ်ပြောင်း သွားမှာစိုးသည့်အတိုင်း လှစ်ခနဲ ထွက်ပြေးသွားခဲ့သော ထိုမြင်ကွင်းကို သူ့အာရုံထဲ စွဲနေခဲ့သည်။ သူ့ဖိနပ်ကလေး ပေးလိုက်ရသည့်အတွက် သူ့စိတ်ထဲမှာ နှမြောခြင်း လုံးဝမရှိဘဲ လိုအပ်နေသူတစ် ယောက်ကို ပေးလိုက်ရသည့်အတွက် သူ့ဘာသာ ကျိတ်ပြီးပျော်ရွှင်ကျေနပ်နေခဲ့သည်။ ထိုအချိန် ကစပြီး ပေးလိုက်ရခြင်း၏

အဓိပ္ပာယ်နှင့်အရသာကို သူ စတင်၍ ခံစားသိရှိရခြင်းဖြစ်သည်။ အဲဒီ နေ့ က ကျောင်းသို့ ခြေဗလာနှင့်ပင် သူ သွားခဲ့သည်။ ကျောင်းသွားဖော်သူငယ်ချင်းတွေက…

"သူများကို ဘာဖြစ်လို့ ဖိနပ်ပေးလိုက်ရတာ လဲ၊ မင်းကို မင်းအမေဆူတော့မယ်"

ဟု…ဝိုင်း၍ ပြောကြသည်။ သူ မစိုးရိမ်ခဲ့။ ညနေကျတော့ ကျောင်းကနေ ဖိနပ်ဗလာနှင့် ပြန် လာသော သူ့ကို မေမေက ဆူဖို့ပြင်ပါသည်။ သူက အဖြစ်အပျက်ကို သူနားလည်သလို ပြန်ပြောပြ လိုက်တော့ မေမေက သူ့ကို အံ့အားသင့်စွာ ငေးကြည့်နေခဲ့သည်။ သူ့ကို မဆူခဲ့ပါ။

"သားမှာ ဖိနပ်ရှိသားပဲ မေမေ….သူက မရှိဘူး၊ ဖိနပ်မရှိလို့ သူ ပုလင်းကွဲစူးတာ"

ဟု သူကရှင်းပြတော့ မေမေက သူ့ခေါင်းကို ရင်ခွင်ထဲဆွဲသွင်းကာ ပွတ်သပ်ပေးနေခဲ့သည်။

"သားရယ်…မရှိတဲ့လူ၊ တကယ်လိုအပ်နေတဲ့လူကို မျှဝေပေးတာ ကောင်းပါတယ်၊ ငါ့သား လေး ငယ်ငယ်လေးနဲ့ အဲဒီ လိုပေးနိုင်တာကို မေမေ အံ့သြနေတာ၊ မေမေတို့မှာလည်း အများကြီး တော့ ပိုလျှံမနေဘူးပေ့ါ သားရယ်၊ ဒါပေမယ့် ကိုယ့်ထက် ပိုဆင်းရဲတဲ့သူကို ပေးလိုက်ရတာ သူ လည်း ဝမ်းသာသွားမှာပဲ၊ သားအတွက် မေမေ ချက်ချင်းတော့ ဖိနပ်အသစ် ပြန်ဝယ်မပေး နိုင်သေးဘူးနော်၊ မေမေ ပိုက်ဆံစုရဦးမှာ"

အဲဒီ အတွက် သူ စိတ်မကောင်းလည်း မဖြစ်ခဲ့ပါ။ မေမေ ဖိနပ်အသစ်ပြန်ဝယ်မပေးနိုင်ခင်မှာ ဖိနပ်အဟောင်းကိုပ သူစီး၍ ကျောင်းတက်ခဲ့သည်။ သိပ်အကြာကြီးလည်း မစောင့်လိုက်ရပါ။ သီတင်းကျွတ်တော့ အဘိုးအဘွားတွေ လိုက်ကန်တော့ချိန်တွင် သူ့အတွက် မုန့်ဖိုးတွေရလာသည်။ ထိုမုန့်ဖိုးတွေနှင့် မေမေက သူ့အတွက် ဖိနပ်အသစ်ကလေးတစ်ရံ

ထပ်ဝယ်ပေးခဲ့သည်။ သူတစ်ပါး ကို ပေးလိုက်ရသည့်အတွက် သူ့မှာ လျော့မသွားခဲ့မှန်း ထိုအသက်အရွယ်ကပင် စ၍ သူသိမြင်လာ ခဲ့သည်။

**x x x**

သူ့ဘဝမှာ ပြန်စဉ်းစားလိုက်တိုင်း ပီတိဖြင့် ကြည်နူးစွာပြုံးမိသော အမှတ်တရအဖြစ်အပျက် တို့ မရေတွက်နိုင်အောင်ပဲ ရှိခဲ့ပါသည်။ သူက ပေးရခြင်း၏ အရသာကို သိသည်။ သူငယ်ချင်းတွေ က သူ့ဆီကတောင်းလျှင် ရတတ်မှန်းသိသည်မို့ တောင်းတတ်ကြတိုင်း သူ့ဘက်က တစ်ချက်က လေးမှ ပြုံးစူတွန့်ဆုတ်သည်ရယ်လို့ မရှိခဲ့။ ရက်ရက်ရောရော ပေးပစ်လိုက်သည်ချည်းပင်။ ဗလာ စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ချွန်စက် စတာတွေကို သူငယ်ချင်းတွေတောင်းတိုင်း သူနှမျောခြင်းကင်းစွာ ပေးလိုက်မြဲ။ ပြီးလျှင်လည်း သူ့မှာ တစ်နည်းနည်းဖြင့် ထိုပစ္စည်းတွေ ပြန်ရတတ်မြဲ။ သူက စာတော် သူတစ်ယောက်မို့ အတန်းထဲမှာ ပထမအမြဲရတတ်တော့ ဆရာမပေးသော ဆုသည် အဲဒီ ဗလာ စာအုပ်၊ ခဲတံ၊ ချွန်စက်၊ ခဲဖျက် စတာတွေ ပြန်ဖြစ်နေတတ်သည်။ ထို့ကြောင့် သူက ပေးလိုက်ရ သောကြောင့် သူ့မှာလျော့ပါးမသွားဘဲ ပြန်ပြည့်လာသည်ကို နိယာမတစ်ခုလို သဘောပေါက်လာခဲ့ ခြင်းဖြစ်သည်။

သူ့ကို လူတိုင်းက ချစ်ခင်တတ်ကြသည်။ ဘာဖြစ်လို့လဲဆိုတော့ သူက လိုအပ်နေသူတိုင်းကို ကူညီတတ်လွန်းသောကြောင့် ဖြစ်သည်။ သူ ဆယ်နှစ်သားအရွယ်မှာ မှတ်မှတ်ရရ ပဲပြုတ်တောင်းကြီးရွက်ပြီး ပဲပြုတ်လိုက်ရောင်းခဲ့ဖူးသည်။ အကြောင်းမှာ ပဲပြုတ်သည် အဒေါ်ကြီးက သူ့အိမ်မှာ ပဲပြုတ်ဝင်ရောင်းရင်း ရုတ်တရက် ဗိုက်နာလာကာ ကလေးမွေးဖို့ ဖြစ်လာသောကြောင့် ဖြစ်သည်။

“ဒုက္ခပဲ…ကျွန်မ မတတ်နိုင်တော့ဘူး၊ ကလေးမွေးတော့မယ်….လုပ်ပါဦး၊ ပဲပြုတ်တွေအများ ကြီးကျန်သေးတယ်၊

ဘယ်လိုလုပ်ရပ့ါမလဲနော်၊ အရင်းတော့ပြုတ်ပါပြီ”

“အဒေါ်ကြီး စိတ်ပူမနေနဲ့၊ ကလေးအေးအေးမွေး၊ ကျွန်တော် ရောင်းပေးမယ်၊ တစ်ဆယ် သား ဘယ်ဈေးလဲသာ ပြောလိုက်”

သူ့ပါးစပ်က ချက်ချင်းပင် ထွက်သွားခဲ့သည်။ စနေနေမို့ အိမ်မှာရှိနေသော မေမေက မျက် လုံးပြူးလျက်...

“ဟဲ့...သားရဲ့၊ ကြည့်လည်းလုပ်ပါဦး၊ သားက ပဲပြုတ်ရောင်းတတ်လို့လား”

ဟု...အလန့်တကြားမေးလျှင် သူ ရယ်ကျဲကျဲဖြင့်...

“ရပါတယ် မေမေရာ၊ အဒေါ်ကြီးကိုသာ ဆေးရုံပို့ပေးလိုက်၊ ကျွန်တော် ကုန်အောင်ရောင်း ပေးမယ်”

ဆိုပြီး တစ်လမ်းဝင်တစ်လမ်းထွက် ယောကျ်ားလေးတန်မဲ့ ပဲပြုတ်တောင်းကြီးရွက်ကာ လိုက်ရောင်းခဲ့ဖူးသည်ကို ဒီနေ့အထိ မမေ့ခဲ့ချေ။ ပဲပြုတ်တွေအားလုံး ကုန်အောင်ရောင်းပေးနိုင်ခဲ့ပြီး ဆေးရုံမှာ ကလေးမွေးဖွားပြီးခဲ့သော ပဲပြုတ်သည်အဒေါ်ကြီးလက်ထဲသို့ ပိုက်ဆံတွေထည့်ပေး လိုက်စဉ် မျက်ရည်များဖြင့် အားပါးတရ ရယ်မောခဲ့သော ပဲပြုတ်သည်ကြီးသည် နောက်တော့ နေ့တိုင်း သူ့အိမ်အတွက် ပဲပြုတ်အလကား လက်ဆောင်ပေးတတ်မြဲဖြစ်သည်။ မေမေ ပိုက်ဆံ ဘယ်လိုပဲပေးပေး မယူချေ။ ပိုက်ဆံအတင်းအကျပ်ပေးရင်တောင် ပဲပြုတ်သည်အဒေါ်ကြီးမှာ စိတ်တွေဆိုးလို့။ သူ ကူညီခဲ့စဉ်က မျှော်လင့်ချက်...ဟူ၍ မြူတစ်မှုန်စာပင် မရှိခဲ့။ သို့သော်... သူပြန်ရသည်တွေက မယုံနိုင်လောက်စရာတွေပဲ ဖြစ်ခဲ့သည်။

သူ့ဘဝမှာ ဒုက္ခရောက်နေသူတစ်ယောက်ယောက်ကို ကူညီဖြည့်ဆည်းပေးလိုက်ရချိန် သည် အဓိပ္ပာယ်အရှိဆုံး အချိန်လည်းဖြစ်သည်။ လမ်းပျောက်ပြီး အိမ်မပြန်တတ်သော အဘွားအို တစ်ယောက်ကို

ဟိုးအဝေးကြီးအထိ သူ ခြေလျက်လျှောက်ကာ အိမ်တိုင်ယာရောက် ပြန်လိုက်ပို့ပေးခဲ့ဖူးသည်။ ရေနစ်နေသူတစ်ယောက်ကို သူ အသက်နှင့်ရင်းပြီး ဆင်းကယ်ခဲ့ဖူးသည်။ တကယ် ဆို အဲဒီ တုန်းက သူကိုယ်တိုင်လည်း ကလေးတစ်ယောက်ပဲ ရှိသေးတာလေ။ ဆာလောင်ငတ်မွတ် နေသူတစ်ယောက်ကို သူစားမည့်ပန်းကန်ထဲကနေ တဝက်ခွဲကာ ကျွေးခဲ့ဖူးသည်။ အဲဒီ သူ ဝမ်းခြောက်ဝမ်းသာ မြိန်ရေယှက်ရေ၊ ဟပ်ဟပ်ထိုးစားသောက်နေတာကိုကြည့်ပြီး သူ ပီတိဖြင့် မျက် ရည်ပင် ဝိုင်းခဲ့ဖူးသည်။ မျှဝေလိုက်ခြင်းဆိုသော ပီတိကို သူ တော်တော်စုံမက်စွဲလမ်းလာခဲ့သည်။

သူ ဆယ်တန်းအောင်တော့ ဂုဏ်ထူးလေးဘာသာပါခဲ့သော်လည်း ဆေးတက္ကသိုလ်သို့ သူ မသွားခဲ့ပါ။ ဖေဖေနှင့်မေမေတို့ကို နှစ်ရှည်လများ ဝန်မပိစေချင်သောကြောင့် ဖြစ်သည်။ အဝေးသင် အီကိုမေဂျာပဲ ယူလိုက်ကာ အလုပ်တစ်ခုခုရှာခဲ့သည်။ အလုပ်အင်တာဗျူးအတွက် သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ကာ အိမ်ကနေ ဘတ်(စ်)ကားမှတ်တိုင်ဆီ သူ လျှောက်လာခဲ့သည်။ ကားတစ်စင်း လမ်းဘေးမှာ ဖြုန်းခနဲထိုးရပ်ကာ ကားမောင်းသူဘက်ခြမ်းတံခါး ဖွင့်လာပြီး လူတစ်ယောက်ကို သည်းထန်သောဝေဒနာဖြင့် သူ တွေ့လိုက်ရသည်။

“ဦးလေး…ဘာဖြစ်လို့လဲ…ကျွန်တော် ဘာကူညီရမလဲ”

“ရင်ဘတ်အောင့်တယ်…ဆေးရုံပို့ပေးပါ”

အဲဒီ လူက ရင်ဘတ်ကို ခပ်တင်းတင်းဖိနှိပ်ထားလျက် ရှုံ့မဲ့တွန့်လိမ်စွာ အကူအညီ တောင်း ခံနေသည်။ နာရီကို သူ တစ်ချက်ကြည့်မိသည်။ အင်တာဗျူးဖြေဆိုချိန်က မနက်ဆယ်နာရီအတိ။ အခု ကိုးနာရီခွဲခါနီး ပြီ။ ဆေးရုံကိုသူလိုက်ပို့လျှင် အင်တာဗျူးဘယ်လိုမှ မမီနိုင်မှန်း သူသိသည်။ သို့ သော် ထိုသူကို ဆေးရုံပို့ပေးဖို့ကိုပဲ သူ ရွေးချယ်လိုက်ပါသည်။ ကားမောင်းသင်ထားပြီးသား၊ လိုင်စင်လည်းရှိပြီးသားမို့ သူ ထိုလူကို တစ်ဖက်ရွှေ့ကာ ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက် သည်။

ဆေးရုံကြီးအရေးပေါ်ဌာနသို့ သူ တန်းမောင်းခဲ့သည်။ ဆေးရုံရောက်တော့ ဆယ်နာရီကျော် နေပြီ။ သူ အင်တာဗျူးအတွက် စိတ်လျှော့ထားလိုက်ပါသည်။ ထိုသူက ပထမဆုံးအကြိမ် heart attack ရခဲ့သူဖြစ်သည်။ ကံကောင်းထောက်မစွာ ဆေးရုံရောက်ချိန် နောက်မကျခဲ့ခြင်းဖြစ်သည်။ ထိုသူ့ကို ဆေးရုံတင်ထားလိုက်ရပြီး မိသားစုဆီပါ ဆက်သွယ်အကြောင်းကြားပေးခဲ့ရသည်။

"ကျေးဇူးတင်ပါတယ်ကွာ..မင်းနဲ့သာမတွေ့ရင် ဦးတော့ သေပြီ"

ထိုသူက သူ့လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ လှိုက်လှဲစွာပြောခဲ့သော စကား တစ်ခွန်းကိုပဲ သူ ကျေနပ်ပီတိဖြာခဲ့ရသည်။ အင်တာဗျူးဖြေရမည့်ရုံးဆီတော့ သူ တော်တော် နောက်ကျပြီးမှ ရောက်သွားခဲ့သည်။ သူရောက်သွားတော့ မွန်းလွဲတစ်နာရီ၊ အင်တာဗျူးကတော့ ပြီးသွားခဲ့ပြီ။

"ဘာဖြစ်လို့ ခုမှရောက်လာရတာ လဲ။ လူကြီးတွေတောင် ပြန်တော့မယ်"

Reception မှမိန်းကလေးက သူ့ကို အပြစ်တင်သလို ပြောသည်။

"ကျွန်တော့်ကိုတွေ့ဖို့ လူကြီးတွေ ဆန္ဒရှိသေးရဲ့လားဆိုတာကိုပဲ ကျွန်တော်သိချင်ပါတယ် အစ်မရယ်၊ ကျွန်တော် အင်တာဗျူးဖြေဖို့ ချိန်ထားပြီးမှ ပျက်ကွက်ခဲ့တာမဟုတ်ပါဘူး၊ အကြောင်း တစ်ခုခုကြောင့် နောက်ကျသွားရတာ ပါ၊ နောက်ကျသွားတာကလွဲလို့ ကျွန်တော်ရောက်အောင် လာခဲ့ကြောင်းကိုတော့ လူကြီးတွေ သိစေချင်ပါတယ်"

"ကောင်းပြီလေ…ခဏစောင့်၊ အစ်မ သွားပြောကြည့်ပေးမယ်"

အဲဒါ တစ်ခုတော့ သူယုံကြည်ပါသည်။ သူဘဝတစ်လျှောက်လုံးမှာ လူတော်တော်များများ ကို အမြဲလိုလိုပဲ ကူညီပေးဆပ်ခဲ့ဖူးသူမို့ သူ့အလှည့်ရောက်လာလျှင်လည်း ကူညီချင်သူက အဆင် သင့် ရှိတတ်စမြဲပင်။ သိပ်မကြာခင်မှာ ထိုအစ်မ ပြန်ရောက်လာသည်။

"လူကြီးက မင်းဘာကြောင့် ဒီလောက်ကြီးနောက်ကျပြီးမှ ရောက်လာသလဲဆိုတာ သိချင် တယ်တဲ့၊ ကဲ..မင်း ဝင်သွားတွေ့လိုက်ပါ"

သူ အခန်းထဲသို့ ဝင်သွားခဲ့သည်။ သူ့ရင်ထဲမှာ ဘာမျှော်လင့်ချက်မှ မထားခဲ့တာကို သေချာ သိနေသည်။ သူ့ကို အင်တာဗျူးလုပ်မည့် အလုပ်ရှင်တွေဆီ သူရောက်မလာခဲ့ဘူးဆိုလျှင် သူဟာ ရိုင်းပျသူ၊ ယဉ်ကျေးမှုမရှိသူ၊ လူကြီးတွေကို ပမာမခန့်စော်ကားသူ....ဟူသော တံဆိပ်ကြီးအနှိပ်ခံရ မှာကို မလိုချင်ခြင်းကြောင့်သာ ဖြစ်သည်။ သူ ဘာကြောင့်ရောက်မလာဖြစ်ခဲ့သလဲဆိုတာကို ရှင်း ပြချင်ရုံ သက်သက်သာဖြစ်သည်။ အကျိုးအကြောင်းဖြစ်စဉ်ကို သူ ရှင်းပြပြီးသောအခါ လူကြီးက သူ့ကို ပြန်မေးသည်။

"မင်း အခုလိုလာရှင်းပြတာ အလုပ်ရဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့လား"

တဲ့...။

"အမှန်အတိုင်းဝန်ခံရရင် အလုပ်ကို ကျွန်တော် မမျှော်လင့်တော့ပါဘူး၊ ကျွန်တော်အချိန်မီ ရောက်မလာဖြစ်တဲ့အကြောင်းလေးပဲ လာရှင်းပြခဲ့တာပါ"

"ကောင်းပြီလေ...မင်းပြန်လို့ရပြီ"

လူကြီးက သူ့ကို ဘာအင်တာဗျူးမှ ထပ်မလုပ်သည့်အတွက် ထိုအလုပ်ကို သူ မမျှော်လင့် တော့။ တခြားအလုပ်တစ်ခု ထပ်ရှာနေစဉ်မှာပင် သူ့အိမ်သို့ အလုပ်ခန့်စာ ရောက်လာသည်။ Super Store ကြီး၏ Sale Assistant ရာထူးဖြစ်သည်။

*